ကျန်တော် မုန်းခဲ့သည့် ခွေးပိန်မသည်

ဘာမှုးသိတတ်ခဲ့သည်၊

မိတ်ဆွေဘောင်းပိသခဲ့သည်

မိခင်ဘောင်းပိသခဲ့သည်

ခွေးပိန်မသည် မိသားခုတင်ဘောင်းပိသခဲ့လေသည်

မိတ္တာ

ခွေးပိန်မကို ကျွန်တော် ကြည့်မရပါ။ ကျွန်တော်နှင့် ခွေးပိန်မသည် မည်သည့်ဘဝက ရေစက်မှန်းမသိ၊ ခွေးပိန်မကို မြင်လိုက်သည် နှင့် တွေ့ရာနှင့် ကောက်ပေါက် ချင်သည့်စိတ်က အလိုလို ဖြစ်လာမိသည် ။ ခွေးပိန်မကလည်း ကျွန်တော့်ကို မြင်လျှင် ပေစောင်းစောင်းနှင့် ကြည့် တတ်သည် ။ ထိုအကြည့်ကို ကျွန်တော် မကြိုက်ပါ။ သို့ပါသော်လည်း ခွေးပိန်မသည် စံပြမိခင်ကောင်း၊ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူ၊ ကျေးဇူးတ ရားကို သိတတ်ပြီး ကျေးဇူးရှင်အပေါ် ကျေးဇူးဆပ်ခဲ့သူအဖြစ် ကျွန် တော့်ရဲ့ နှလုံးသားထဲ၌ အသိအမှတ် ပြုထားခဲ့ပါသည် ။ ခွေးပိန်မသည် ခွေးတစ်ကောင်သာ ဖြစ်သော်လည်း ကျေးဇူးမသိ တတ်သည့် လူသား မိ တ်ဆွေများ ထက် အဆပေါင်းများ စွာ သာလွန်သည့် မိတ်ဆွေကောင်း တစ်ယောက် ဖြစ်ခဲ့ပါသည် ။ ထို့ကြောင့်လည်း မိတ်ဆွေကောင်း တစ် ယောက်၏ ဂုဏ်ကျေးဇူး မိတ္တာဂုဏာကို ဂုဏ်ပြုသည့်အနေဖြင့် မိတ္တာဟူသ ည့် အမည်ဖြင့် ရေးသား လိုက်ရပေတော့သည် ။

နံရိုးပြိုင်းပြိုင်းနှင့် ခွေးမလေးအား ခွေးပိန်မဟူသည့် အမည်ကို ကျွန် တော် ပေးခဲ့ခြင်း ဖြစ်သည် ။ မိုးသည်းထန်ပြီး ရေကြီးသည့် တစ်ရက်တွ င် ကျွန်တော်တို့ အိမ်သို့ ခွေးပိန်မ ရောက်လာခဲ့သည် ။ လသားအရွယ်မျှ သာ ရှိမည့် ခွေးပိန်မကို ခေါ်လာသူက ကျွန်တော်၏ ဇနီးဖြစ်ပေသည် ။

"မော်.....၊ ဘယ်ကခွေးကို ခေါ်လာပြန်တာလဲ"

"စျေးသွားတုန်း ရေထဲနစ်နေလို့ ကယ်ခဲ့တာ မောင်ရေ"

"ဟာကွာ၊ ကလေးတစ်ဖက်နဲ့ မအားတဲ့ ကြားက ကိုယ့်ဒုက္ခ ကိုယ်ရှာပြီး ခွေးမွေးချင် သေးတယ်"

"မွေးဖို့ မဟုတ်ပါဘူး မောင်ရဲ့ ။ ရေနစ်ပြီး သေသွားမှာ စိုးလို့ ကယ်ခဲ့တာပါ။ ကလေးက သမီးလေးနဲ့ အသက် တူတူလောက်ပဲ ရှိလိမ့်ဦးမယ်။ သနားပါတယ်"

"သမီးလေးနဲ့ ခွေးကို နှိုင်းစရာလား မော်ရာ"

"ခွေးဆိုတာလည်း သတ္တဝါ၊ လူလည်း သတ္တဝါပဲလေ မောင်ရယ်။ သက်ရှိ သတ္တဝါချင်း အသက်ကို နှိုင်းယှဉ်လို့ မရဘူးဆိုတာ မကြားဖူးပါဘူး"

"မော်ကတော့ ပြောရ တော်တော် ခက်တာပဲ။ သူ့ဟာသူ နေပါစေလား"

"အသက် တစ်ချောင်းဆိုတာ ကယ်ကောင်းပါတယ် မောင်ရယ်"

နံရိုးအပြိုင်းပြိုင်း၊ မျက်နှာ စုတ်ချွန်းချွန်းနှင့် အုန်းခွံရောင် ခွေးမလေးကို ကျွန်တော် ဘယ်လိုမှ ကြည့်မရပါ။ ကျွန်တော့်ဇနီးက ခွေးပိန်မကို တယုတယဖြင့် ရေသုတ်ပေးကာ စောင်စုတ်တစ်ထည် ခင်းပေးထားပါသည် ။ ချမ်းလွန်းသဖြင့် တုန်ယင်နေသည့် ခွေးပိန်မက စောင်စုတ်ပေါ်တွင် ဇိမ်ကျနေလေပြီ။

သုံးလေးရက်အထိ ရေမကျသေးသဖြင့် ကျွန်တော် ဘာမျှမပြောဘဲ အသာစောင့်ကြည့် နေသေးသည် ။ ရေကျသွားသည့် အချိန်မှာ တော့ ခွေးပိန်မကို သူ့နေရာသို့ ပြန်ပို့ရန် မော့်ကို ပြောရ လေတော့သည် ။

"ခွေးပိန်မကို ပြန်ပို့လိုက်တော့ မော်"

"ပို့ပါ့မယ် မောင်ရယ်။ ရေကျခါစပဲ ရှိသေးတော့ ကလေးက ဘယ်မှာ သွားနေမှာ လဲ"

"ခွေးက လမ်းဘေးမှာ ပဲ နေမှာ ပေါ့ မော်ရဲ့ ။ အိမ်ပေါ် တင်ထား တော့ ခွေးစော်လည်း နံတယ် သမီးလေးအတွက် ရောဂါရမယ်။ ခွေးရူး ရောဂါဖြစ်မှာ မကြောက်ဘူးလား။ ခွေးသန်းတွေကလည်း တစ်အိမ်လုံး ပျံ့ပြီး သမီးလေးကို ခွေးသန်း ကိုက်မှာ ပေါ့"

"ကြောက်တော့ ကြောက်တာပေါ့ မောင်ရယ်။ မိခင်ကလည်း ဘယ်မှာ မှန်းမသိ။ နို့စို့အရွယ်လေး ဆိုတော့ ဖြစ်ချင်ရာဖြစ် ဆိုပြီး ပစ်ထားလို့ မဖြစ်ဘူးလေ။ ကိုယ့်မှာ လည်း သမီးလေး မွေးထားတော့ ကိုယ် ချင်းစာတယ်"

မော့်ကို ဘာမှ ထပ်မပြော ဖြစ်တော့ဘဲ ခွေးပိန်မကို အမြင်ကတ်ကတ်ဖြင့် အသေအချာ ကြည့်မိသည် ။ စောင်စုတ်ပေါ်မှာ ကွေးကွေးလေး ဓိမ်ယူနေသည့် ခွေးပိန်မက ကျွန်တော့်ကို မျက်လုံး လှန်ကြည့်ပြီး အမြီး နန့်ပြသည် ။ မော် တစ်ဖက် လှည့်နေတုန်း ခွေးပိန်မကို ခြေထောက်ဖြင့် တို့လိုက်မိသည် ။

"ကိန်... ကိန်... ကိန်..."

ခြေထောက်ဖြင့် တို့ ရုံသာ တို့ သည် ကို ငယ်သံပါအောင် အော်နေသဖြင့် ကျွန်တော် တော်တော် အမြင်ကတ် မိသည် ။ ထိုအချိန်မှ စပြီး သည်းသည်းလှုပ်သည့် ခွေးပိန်မကို ကြည့်မရခဲ့ခြင်း ဖြစ်ပေသည် ။

"ခွေးကို ဘာလုပ်လိုက်တာလဲ မောင်။ ကလေး သနားပါတယ်"

"ခြေထောက်နဲ့ အသာလေး တို့ တာကို ငယ်သံပါအောင် အော်နေ

တာကွ"

"ခြေထောက်နဲ့ တို့ ရုံနဲ့ တော့ အော်ပါ့မလား မောင်ရယ်။ နာသွားလို့ ဖြစ်မှာ ပေါ့"

"ငါက လိမ်ပါ့မလား မော်။ မော့်ရဲ့ ခွေးမက ကလိမ်ကကျစ် ကျနေတာ"

"သူ့ကို အသားနာအောင် ရိုက်မှာ ကြောက်လို့ နဲ့ တူပါတယ် မောင်ရယ်။ လသားလေးပဲ ရှိသေးတော့ ကြောက်ရှာ မှာ ပေါ့"

"အဲဒီခွေးမကို မောင်ရုံးက ပြန်လာတဲ့ အချိန် မမြင်ချင်ဘူး။ သွားလွှတ် လိုက်တော့"

"မောင်ရယ်၊ တိရစ္ဆာန်ဆိုတာ ဘာနားလည်မှာ လဲ"

"နားမလည်ဘူး၊ ဟုတ်လား။ မော့်ကိုတောင် ပြန်ရောင်းစား သွားဦးမယ်။ မောင့်ကိုမြင်ရင် ပေစောင်းစောင်း၊ ကုပ်ချောင်းချောင်းနဲ့ ။ မော့်ကို မြင်ရင်တော့ အမြီးနန့်ပြီး ဖင်ကို ခါနေတာပဲ"

"မော်က သူ့အသက်ကို ကယ်ခဲ့တဲ့ သူ၊ သူ့ကို အစာကျွေးတဲ့ သူမို့ပါ မောင်ရယ်။ မော်က သူ့ကို မော့်နို့လည်း တိုက်တာကိုး။ မော့်ကို မိခင်လို ဖြစ်နေရှာမှာ ပေါ့"

"ဟာ...။ သမီးလေး စို့နေတဲ့ နို့ကို ခွေးကို စို့ခိုင်းရသလား"

"မစို့ခိုင်းပါဘူး မောင်ရဲ့ ။ ခွက်ထဲ ညှစ်ထည့်ပြီးမှ တိုက်တာပါ"

"ဒီမိန်းမ တစ်ယောက်နဲ့ တော့ ခက်တာပဲကွာ"

"မခက်ပါဘူး မောင်ရယ်။ သမီးလေး စို့လို့ ဝတာတောင် မော့်နို့တွေက ဒလဟော ထွက်နေတာလေ။ အလကားဖြစ်မယ့် အစား ခွေးလေးကို

တိုက်တော့ ကုသိုလ်ရတာပေါ့"

မော်ပြောသည့်အခါ ကျွန်တော် အတော် အံ့သြခဲ့ရပါသည် ။ ခွေးကို လူနဲ့တိုက်ပြီး မွေးစရာလားဟု ပြောပြန်ရင်လည်း လင်မယား အချေအတင် စကားများ ရမည်မို့ ရေငုံနှုတ်ပိတ် နေလိုက်ရသည် ။

***